**Message Two**

## ယေရုရှလင်မြို့သစ်၏ ဖြစ်တည်မှုကို ကျွန်ုပ်တို့ကိုယ်တိုင်ထံသို့ ယူဆောင်လျှောက်လှမ်းရန် အသင်းတော်ကို ကြည့်ရှုခြင်း (၁) -

## ဘုရားဆိုင်ရာ၊ နက်နဲခြင်းဆိုင်ရာ၊ အသက်ဆိုင်ရာ၊ တုနှိုင်းရာမဲ့ဖြစ်ခြင်းနှင့် "တစ်ခုတည်းဖြစ်ခြင်း"

ဖတ်ရန်ကျမ်း။ ။ ဗျာ၄း၃-၆။ ဗျာ၂၂း၂၃။ ၁း၁၂၊ ၂၀။ ၂ပေ၁း၄။ ယော၁၄း၁-၂၊ ၁၀-၁၁။ ဖိ၁း၁၉။ ရော၈း၉။ ၂ကော၃း၁၇-၁၈။ ဗျာ၄း၁၁-၁၆။ ၁း၁၀။ ၃း၉-၁၁။ ၁ကော၁၂း၂၄

**I. ယေရုရှလင်မြို့သစ်သည် သန့်ရှင်းသောကျမ်းစာတော်ရှိ ဘုရားဆိုင်ရာဖွင့်ပြခြင်းတစ်ခုလုံး၏ အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည့်အလျောက်၊ ၎င်း၏ ဖြစ်တည်မှုသည် အသင်းတော်ကို ကြည့်ရှုရန် ပြန်သွားခြင်းအားဖြင့် ကျွန်ုပ်တို့ထံ ယူဆောင်လျှောက်လှမ်းနိုင်သည် - *ဓမ္မသီချင်း* ၄၂၉ အပိုဒ် ၇။**

A. ဧဖက် ၄း၄ တွင် ကိုယ်ခန္ဓာတော်ကို တွေ့ရသည်၊ ကိုယ်ခန္ဓာတော်သည် အသင်းတော်ဖြစ်ပြီး၊ အသင်းတော်သည် ယေရုရှလင်မြို့သစ်၏ ပုံစံငယ်ဖြစ်သည်။

B. ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ယေရုရှလင်မြို့သစ်၏ ရှေ့ပြေးဖြစ်သည်ဟုလည်း ကျွန်ုပ်တို့ပြောနိုင်သည်။ ယေရုရှလင်မြို့သစ်သည် ရောက်လာမည်ဖြစ်ပြီး၊ အသင်းတော်သည် ရှေ့ပြေးအဖြစ် ယနေ့ ဖြစ်တည်နေသည်။ ယေရုရှလင်မြို့သစ်သည် ဤရှေ့ပြေးဖြစ်သည့် ခရစ်တော်၏ကိုယ်ခန္ဓာတော် အပြည့်အဝပြီးမြောက်ပြည့်စုံခြင်း ဖြစ်လိမ့်မည်ဖြစ်သည်။

C. ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်၌ မရှိကြသေးပါ၊ သို့သော် ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၌ အမှန်ပင် ရှိကြပါသည်။ ယနေ့ ကိုယ်ခန္ဓာတော်ထံ ယူဆောင်လျှောက်လှမ်းသောအရာသည် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည်။

**II. ဘုရားဆိုင်ရာဖြစ်ခြင်း - ယေရုရှလင်မြို့သစ်သည် ရွှေမြို့တော်ဖြစ်ခြင်းမှာ မြို့တော်တစ်ခုလုံးသည် ဘုရားသခင်၏ သဘောသဘာဝဖြင့် စေ့စပ်ထုံးဖွဲ့ထားကြောင်း ရည်ညွှန်းသည်။ ထိုနည်းတူ ယနေ့ အသင်းတော် အခြေခံ ဒြပ်သဘာဝသည် ဘုရားသခင်၏သဘောသဘာဝဖြစ်သည် - ဗျာ၂၁း၁၈။ ၁း၁၂၊ ၂၀။**

A. ရွှေသည် ဘုရားသခင်၏ တည်ဆောက်ခြင်းအခြေအတွက် ဘုရားသခင်၏ ဘုရားဆိုင်ရာသဘောသဘာဝကို ရည်ညွှန်းသည်။ ဤဘုရားဆိုင်ရာ သဘောသဘာဝသည် ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့အတွင်းရှိ ရွှေအောက်ခြေဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသဘောသဘာဝကို ပါဝင်ဆက်ဆံခြင်းရှိလေလေ၊ ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့၌ အခြေရှိလာလေလေဖြစ်သည် - ၂ပေ၁း၄။

1. ရိုးရိုးလေးဆိုရလျှင် ဘုရားဆိုင်ရာသဘောသဘာဝသည် ဘုရားသခင်ဖြစ်သော အရာပင် ဖြစ်သည်။ သမ္မာကျမ်းစာက ဘုရားသခင်သည် ဝိညာဉ်တော်ဖြစ်ကြောင်း (ယော၄း၂၄)၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်ကြောင်း (၁ယော၄း၈၊ ၁၆)၊ ဘုရားသခင်သည် အလင်းဖြစ်ကြောင်း (၁း၅) ပြောထားသည်။ ထို့နောက် စုစုပေါင်းနည်းလမ်း၌ ဘုရားသခင်သည် အသက်ဖြစ်ကြောင်း သမ္မာကျမ်းစာက ပြောထားသည် (ယော၁း၄။ ၅း၂၆။ ၁၄း၆)။ ဝိညာဉ်တော်၊ ချစ်ခြင်းနှင့် အလင်းတို့သည် ဘုရားသခင့်ဖြစ်ခြင်း၏ စေ့စပ်ထုံးဖွဲ့မှုပင်ဖြစ်ပြီး၊ အသက်သည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည်။
2. ဝိညာဉ်တော်သည် ဘုရားသခင့်ပုဂ္ဂိုလ်တော်၏ သဘောသဘာဝဖြစ်ပြီး၊ ချစ်ခြင်းမေတ္တာသည် ဘုရားသခင့် အနှစ်သာရ၏ သဘောသဘာဝဖြစ်၍၊ အလင်းသည် ဘုရားသခင့်ထင်ရှားခြင်း၏ သဘောသဘာဝဖြစ်သည်။

B. ကျွန်ုပ်တို့အားလုံး ဘုရားသခင်ကို မည်မျှပိုင်ဆိုင်ထားကြောင်း မိမိကိုယ်ကို မေးရန် လိုအပ်သည်။ ဤသည်မှာ အသင်းတော်တည်ဆောက်ခြင်းအတွက် အခြေပင် ဖြစ်သည် - ၁ကော၃း၆၊ ၉၊ ၁၂က။ ကော၂း၁၉ခ။

C. ဘုရားဆိုင်ရာသဘောသဘာဝကို နေ့စဉ် ပါဝင်ဆက်ဆံသောသူများသာလျှင် အသင်းတော်တည်ဆောက်ခြင်းအဖို့ ကောင်းမွန်သည်။ သခင်ဘုရားပြန်လည်ရယူခြင်း၌ အခြေခံကျသောအရာမှာ လူအရေအတွက် အမြောက်အမြား ရှိခြင်းမဟုတ်ဘဲ၊ ကိုယ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် အခြေအဖြစ် ဘုရားဆိုင်ရာသဘော သဘာဝသည် ဤနေရာတွင် မည်မျှရှိခြင်းပင် ဖြစ်သည်။

D. ယနေ့ ခရစ်တော်၌ ယုံကြည်သူများဖြစ်သည့် ကျွန်ုပ်တို့သည် ရွှေဖြစ်ကြသည်၊ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာဖြစ်ကြသည်၊ ကျွန်ုပ်တို့၌ ဘုရားဆိုင်ရာသဘောသဘာဝရှိကြသည်။ ကျွန်ုပ်တို့အားလုံးက ကျွန်ုပ်တို့သည် ရွှံ့မြေမဟုတ်ဘဲ ရွှေဖြစ်ကြသည်ဟု ကြွေးကြော်ရမည်ဖြစ်သည်။

E. ကျွန်ုပ်တို့သည် အရာခပ်သိမ်းကို ဘုရားသခင်နှင့်အတူ၊ ဘုရားသခင်၌၊ ဘုရားသခင်အားဖြင့်၊ ဘုရားသခင်မှတဆင့် လုပ်ဆောင်သင့်သည်။ ဤသည်မှာ ဘုရားဆိုင်ရာဖြစ်ခြင်း၏ ဆိုလိုရင်းဖြစ်သည် - ၁ကော၊၁၀း၃၁။ ကော၊၃း၁၇။

F. ဘုရားသခင်၏ ထာဝရတည်ဆောက်ခြင်းနှင့် ကိုယ်တော်၏ မျက်မှောက် တည်ဆောက်ခြင်းအလုပ်အတွက် အခြေသည် ကိုယ်တော်၏ ဘုရားဆိုင်ရာသဘောသဘာဝဖြစ်သည်။ ကျွန်ုပ်တို့အားလုံးက "သခင်ယေရှု၊ ကျေးဇူးတင်ပါ၏။ ကိုယ်တော်၏ ရွေးနုတ်ခြင်းမှတဆင့် ကျွန်ုပ်သည် ဘုရားသခင်ကို ကျွန်ုပ်၏ ဘုရားဆိုင်ရာသဘောသဘာဝအဖြစ် ယူဆောင်ရန် အဆင့်အနေအထား၊ ရပ်တည်မှုနှင့် အခွင့် ရရှိခဲ့ပါပြီ။ သခင်ဘုရားကို ကျေးဇူးတင်ပါသည်။ ကျွန်ုပ်သည် ကိုယ်တော်ကို ကျွန်ုပ်၏ဘုရားသဘောသဘာဝအဖြစ် ယူဆောင်ခဲ့ကာ၊ ယူဆောင်နေဆဲ၊ မွေ့လျော်ဝမ်းမြောက်နေဆဲဖြစ်ပါသည်"ဟု ပြောသင့်ပါသည်။

**III. နက်နဲခြင်းဆိုင်ရာ - အစပြုခြင်း၊ ဘုရားဆိုင်ရာနှင့်နက်နဲခြင်းနယ်ပယ်သည် သုံးပါးတစ်ပါးဘုရားသခင်သာ ဖြစ်သည် (ယော၊၁၄း၁၀-၁၁)။ ထိုနောက် ကိုယ်တော်သည် သူ၏တိုးပွားမှုကို စတင်ရန် လူ့ဇာတိခံခဲ့သည် (၁း၁၊ ၁၄)။ နောက်ဆုံးတွင် ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်သည် ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည့် ယေရုရှလင်မြို့သစ် ဖြစ်လိမ့်မည်ဖြစ်သည်။**

A. သခင်ဘုရားပြန်လည်ရယူခြင်းရှိ သန့်ရှင်းသူများအားလုံး၊ အထူးသဖြင့် လုပ်ဖော်ဆောင်ဖက်များနှင့် အသက်ကြီးသူများသည် ရုပ်ပိုင်းဆိုင်ရာနယ်ပယ်နှင့် နက်နဲခြင်းနယ်ပယ်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းသည့်အမြင် ရှိရန် လိုအပ်သည်။

B. ကျွန်ုပ်တို့သည် ခရစ်တော်၏ မြေကြီးဆိုင်ရာအမှုတော်၏ ရုပ်ပိုင်းဆိုင်ရာနယ်ပယ်ကို ဖြတ်ကျော်၍ မြင့်မားသည့် တစ်စုံတစ်ရာ - ခရစ်တော်၏ကောင်းကင်ဆိုင်ရာ အမှုတော် နက်နဲသည့် နယ်ပယ်အထဲသို့ ဝင်ရောက်ရန် လိုအပ်သည်။

C. ကျွန်ုပ်တို့အားလုံးသည် သုံးပါးတစ်ပါးဘုရား၏ နယ်ပယ်မဟုတ်ဘဲ၊ ပြီးမြောက်ပြည့်စုံသောဝိညာဉ်တော်နှင့် ချုပ်မြောက်တစ်ခရစ်တော်၏ ဘုရားဆိုင်ရာနှင့် နက်နဲခြင်းနယ်ပယ်အထဲသို့ ဝင်ရောက်ရန် လိုအပ်သည် - ဖိ၊၁း၁၉။ ရော၊၈း၉။ ၂ကော၊၃း၁၇-၁၈။

C. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာနှင့် နက်နဲခြင်းနယ်ပယ်အထဲသို့ ဤနယ်ပယ်ကို မြင်ခြင်းအားဖြင့် ဝင်ရောက်ကြသည်၊ ဝိညာဉ်ရေးရာအရာများ၌ မြင်ခြင်းသည် ဝင်ရောက်သွားခြင်း ဖြစ်သည် - ယော၊၃း၃၊ ၅။

D. ကျွန်ုပ်တို့သည် ဤနယ်ပယ်၏ အစိတ်အပိုင်းဖြစ်လာခြင်းအားဖြင့် ဘုရားဆိုင်ရာနှင့် နက်နဲခြင်းနယ်ပယ်အထဲသို့ ဝင်ရောက်သွားကြသည်။

1. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာ မွေးဖွားခြင်းမှတဆင့် ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာ နယ်ပယ်၏ အစိတ်အပိုင်းဖြစ်လာကြသည်။ အသစ်မွေးဖွားခြင်းမှတဆင့် ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်အထဲသို့ မွေးဖွားလာကြသည် - အငယ်၊၆။
2. ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဘုရားဇာတိ၌ ပါဝင်ဆက်ဆံခြင်းအားဖြင့် ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာ

နယ်ပယ်၏ အစိတ်အပိုင်း ဖြစ်လာကြသည် - အငယ်၊၁၅။ ၂ပေ၊၁း၄။ ဧ၄း၂၃။ ၂ကော၊၃း၁၈။ ရော၊၈း၂၃၊ ၂၉။

3. ကျွန်ုပ်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်၌ တည်ဆောက်ခံရခြင်းအားဖြင့် ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်၏ အစိတ်အပိုင်း ဖြစ်လာကြသည်၊ ယင်းသည် ထာဝရကာလပတ်လုံး ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်အဖြစ် ယေရှုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေမည်ဖြစ်သည် - ဧ၄း၁၆။ ဗျာ၊၂၁း၂။

E. သခင်ယေရှုနည်းတူ ကျွန်ုပ်တို့သည်လည်း အပြင်ပန်းအရ ရုပ်ပိုင်းဆိုင်ရာဖြစ်သော်လည်း၊ မမြင်နိုင်သော ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာ ဖြစ်သောသူ၊ ရုပ်ပိုင်းဆိုင်ရာနယ်ပယ်နှင့် ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာနယ်ပယ်တို့၌ တစ်ပြိုင်နက်တည်း အသက်ရှင်သောသူ ဖြစ်သင့်ပါသည် - ယော၊၃း၁၃။ ဟေဗြဲ၊၄း၁၂။ ၁၃း၁၃။

F. ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာပုဂ္ဂိုလ်များအဖြစ် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာ ဗိမာန်တော်ကို တည်ဆောက်ခြင်းအတွက် ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာနယ်ပယ်၌ အသက်ရှင်ကြသည် - ယော၊၂း၁၉-၂၂။ ဧ၂း၂၁။ ၁ကော၊၃း၁၆။

## IV. အသက်ဆိုင်ရာဖြစ်ခြင်း - ယနေ့ သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့ယူဆောင်သည့် နည်းလမ်းမှာ အသက်ဆိုင်ရာဖြစ်သည် - ဧ၄း၁၁-၁၆။

A. ယေရှုရှလင်မြို့သစ်သည် ဘုရားသခင်က ကိုယ်တော်၏ ရွေးနုတ်ခံ၊ အသစ်မွေးဖွားခံ၊ ပုံသဏ္ဌာန်ပြောင်းလဲခံ၊ ဘုန်းထင်ရှားခံရသောလူများနှင့်အတူ ရွေးနုတ်ခံလူသားဇာတိ၌ အသက်အဖြစ် ဘုရားသခင်၏ စေ့စပ်ထုံးဖွဲ့မှုအဖြစ် အသက်ဆိုင်ရာ ပေါင်းစည်းခြင်းနှင့် ရောနှောပေါင်းစည်းခြင်း၏ စုစုပေါင်းဖြစ်ကာ၊ ဘုရားဇာတိနှင့် လူသားဇာတိ၏ အသက်ဆိုင်ရာ တည်ဆောက်ခြင်းဖြစ်သည်။

B. ယေရှုရှလင်မြို့သစ်သည် ထာဝရကာလပတ်လုံး ကိုယ်တော်၏တဲတော်အဖြစ် ဘုရားသခင်သည် ကိုယ်တော်၏ ရွေးနုတ်ခံလူများ၌ အသက်ဆိုင်ရာ ကိန်းဝပ်နေခြင်းအတွက်လည်းကောင်း၊ ဘုရားသခင်၏ ရွေးနုတ်ခံလူများသည် ထာဝရကာလပတ်လုံး သူတို့၏ဗိမာန်တော်အဖြစ် သူတို့၏ရွေးနုတ်ရှင် ဘုရားသခင်၌ အသက်ဆိုင်ရာ ကိန်းဝပ်နေခြင်းအတွက်လည်းကောင်း ဘုရားသခင်၏ အဆုံးစွန် အသက်ဆိုင်ရာထုံးဖွဲ့မှုဖြစ်သည် - ဗျာ၊၂၁း၃၊ ၂၂။

C. ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ဇီဝထုံးဖွဲ့မှုဖြစ်ကာ၊ ဤဇီဝထုံးဖွဲ့မှု၏ တည်ဆောက်ခြင်းသည် အသက်ဆိုင်ရာအလုပ်ဖြစ်သည်။ ဇီဝဆိုင်ရာဖြစ်ခြင်းဟူသည်မှာ အသက်နှင့်ဆက်နွှယ်မှုရှိရန်ဟု ဆိုလိုသည် - ဓမ္မသီချင်းE# ၉၂၅။

D. အသက်ဆိုင်ရာကိုယ်ခန္ဓာတော်အားဖြင့် လုပ်ဆောင်ပြီးစီးသော အလုပ်သည် အသက်ဆိုင်ရာဖြစ်သင့်ပါသည်။ အသင်းတော်၏အလုပ် အားလုံးသည် အသက်ဆိုင်ရာဖြစ်သင့်ပြီး၊ အသက်ထဲမှ ဖြစ်သင့်သည်။ ၎င်းသည် အဖွဲ့အစည်းဆိုင်ရာ မဖြစ်သင့်ပါ။

E. ခရစ်တော်၏ အသက်ဆိုင်ရာကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်သည် များစွာသော အသက်ဆိုင်ရာအလုပ်များ ရှိသင့်ပါသည်။

1. ဧဝံဂေလိဟောပြောခြင်းသည် အသက်ဆိုင်ရာဖြစ်သည်။ သမ္မာကျမ်းစာက ဧဝံဂေလိဟောပြောခြင်းကို မျိုးကြဲခြင်းနှင့် ခိုင်းနှိုင်းထားသည် - မာ၊၄း၃။ ၁ပေ၊၁း၂၃။ ယော၊၁၅း၁၆။
2. လူတစ်ဦးသည် ကယ်တင်ခံရပြီဆိုလျှင် သူသည် အသက်ဆိုင်ရာ ကျွေးမွေးမစမှုကို လိုအပ်သည် - ယော၊၂၁း၁၅-၁၇။ ၁သက်၊၂း၇။
3. ထိုနောက် အသက်ဆိုင်ရာ စုံလင်စေခြင်းကိုလည်း လိုအပ်သည်။ သန့်ရှင်းသူများကို စုံလင်စေရန် အသင်းတော်သည် ဦးစွာ သူတို့ကို နိုးကြားခြင်းရှိဖို့ ကူညီပေးရမည်ဖြစ်သည်။ စုံလင်စေခြင်းသည် တိုက်တွန်းနှိုးဆော်ခြင်းနှင့် နှစ်သိမ့်အားပေးခြင်းလည်း ပါဝင်သည်။ ပေါလုသည် ယုံကြည်သူများကို ဖခင်က တိုက်တွန်းခြင်းနှင့် နှစ်သိမ့်အားပေးခြင်းအဖြစ် အစေခံခဲ့သည် - အငယ်၊၁၁။ ဧ၄း၁၁-၁၆။
4. ဧဝံဂေလိဟောပြောခြင်းနှင့် အိမ်ထောင်စုစည်းဝေးခြင်းများ၊ အုပ်စုလိုက်စည်းဝေးခြင်းများ၏ အသက်ဆိုင်ရာ

လက်တွေ့လုပ်ဆောင်မှုရှိပြီးနောက် ကျွန်ုပ်တို့သည် အသင်းတော်၏ အသက်ဆိုင်ရာ စည်းဝေးခြင်းများကို ရရှိသင့်ပါသည် - ၁ကော၊၁၄း၂၆-၃၃။

5. ကျွန်ုပ်တို့သည် အဖွဲ့အစည်းဆိုင်ရာ စီစဉ်ထားရှိမှုများကိုလည်း ရှောင်ရှားရန် အလေးထားရမည်ဖြစ်သည်။

## V. တုန့်ပြန်ချက်မဲ့ - **တုနိုင်းရာမဲ့ဖြစ်ခြင်း - သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် အရာခပ်သိမ်း၌ တုနိုင်းရာမဲ့ဖြစ်သည်။ ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့တွင် တုနိုင်းရာမဲ့ဘုရားသခင်၊ တုနိုင်းရာမဲ့ အကြံအစည်၊ တုနိုင်းရာမဲ့ စီမံကိန်း၊ တုနိုင်းရာမဲ့အလုပ်၊ တုနိုင်းရာမဲ့နည်းလမ်း၊ တုနိုင်းရာမဲ့ အမှုတော်၊ တုနိုင်းရာမဲ့ ဗဟိုပြုချက်၊ တုနိုင်းရာမဲ့ပန်းတိုင် ရှိသည် - ၁ကော၊၈း၆။ ဧ၊ ၁း၄-၅၊ ၉-၁၄။ ၃း၉-၁၁။ ၄း၁၂-၁၃၊ ၁၆။**

A. တုနိုင်းရာမဲ့မြို့တော် ယေရုရှလင်မြို့သစ်၏ အစိတ်အပိုင်းတိုင်းသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ တုနိုင်းရာမဲ့ တစ်လုံးတစ်ဝဖြစ်ခြင်းကို ထင်ရှားစေသည်။

1. ယနေ့ သခင်ဘုရားနှင့်အတူ ကျွန်ုပ်တို့လုပ်ဆောင်ခြင်းနှင့် ရလဒ်သည် ဤစံနမူနာအားဖြင့် အုပ်စိုးခံခြင်းနှင့် လမ်းညွှန်ပေးခြင်း ရှိသင့်ပါသည်။
2. ဤတုနိုင်းရာမဲ့မြို့တော်၏ ရုပါရုံ၌ ဖွင့်ပြထားသည့်အရာသည် ကျွန်ုပ်တို့မည်သူဖြစ်ခြင်း၊ မည်သို့လုပ်ဆောင်ခြင်း၏ ပုံစံဖြစ်သင့်ပါသည်။

B. ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ရန် ယုံကြည်သူများဖြင့် ပေါင်းဖွဲ့ထားသည့် ဒေသန္တရအသင်းတော်များသည် ရွှေမီးခုံတိုင်များဖြစ်သည် (ဗျာ၊၁း၁၁-၁၂)။ ရွှေမီးခုံတိုင်များအားလုံးသည် သဘောသဘာဝ၊ သွင်ပြင်နှင့် လုပ်ဆောင်ချက်တို့၌ ခရစ်တော်၏တစ်ခုတည်းသောထင်ရှားခြင်းဖြစ်ရန် တူညီခြင်းရှိသည်။

1. ခရစ်တော်၏ တုနိုင်းရာမဲ့ကိုယ်ခန္ဓာတော်၏ ဝိညာဉ်တော်၏ တုနိုင်းရာမဲ့ တစ်လုံးတစ်ဝဖြစ်ခြင်း၌ - ဧ၊၄း၃-၄။
2. သုံးပါးတစ်ပါးဘုရား၏ တုနိုင်းရာမဲ့ စီးဆင်းခြင်း၌ ပါဝင်ဆက်ဆံသည့် တုနိုင်းရာမဲ့ ဝိညာဉ်တော်၏ တုနိုင်းရာမဲ့ မိတ်သဟာယဖွဲ့ခြင်း၌ - ၁ယော၊၁း၃။ ၂ကော၊၁၃း၁၄။
3. ကိုယ်တော်၏ တုနိုင်းရာမဲ့ စီမံကိန်း တုနိုင်းရာမဲ့ ပြီးမြောက်ပြည့်စုံခြင်းအတွက် တုနိုင်းရာမဲ့ ဘုရားသခင်၏ တုနိုင်းရာမဲ့ လှုပ်ရှားခြင်း၌ - ဧ၊၁း၁၀။ ၁တိ၊၁း၄ခ။
4. စကြဝဠာ၌ ကိုယ်တော်၏တုနိုင်းရာမဲ့ သက်သေခံချက်အတွက် ခရစ်တော်၏ တုနိုင်းရာမဲ့ အသက်၌ တုနိုင်းရာမဲ့ ပေါင်းစည်းခြင်း၌ - ၁ကော၊၁၂း၂၄။

C. အမှုတော်သည် တုနိုင်းရာမဲ့ဖြစ်သည်၊ အကြောင်းမှာ ဘုရားသခင်သည် တုနိုင်းရာမဲ့ဖြစ်သည်။ ကိုယ်တော်၏ အကြံအစည်တော်သည် တုနိုင်းရာမဲ့ဖြစ်သည်၊ ကိုယ်တော်၏အလုပ်သည် တုနိုင်းရာမဲ့ဖြစ်သည်၊ ကိုယ်တော်၏အလုပ်ကို သယ်ဆောင်ရန် ကိုယ်တော်၏နည်းလမ်းသည် တုနိုင်းရာမဲ့ဖြစ်သည်၊ ကိုယ်တော်၏နည်းလမ်းအတွက် အသုံးပြုသည့် တန်ဆာပလာသည် အမှုတော်ဖြစ်သည်။ ထို့ကြောင့် ဤအမှုတော်သည်လည်း တုနိုင်းရာမဲ့ဖြစ်သည်။

D. ဓမ္မသစ်ကျမ်း၌ တုနိုင်းရာမဲ့ခရစ်တော်၊ တုနိုင်းရာမဲ့နည်းလမ်း၊ တုနိုင်းရာမဲ့ဗဟိုပြုချက်ဖြင့် တုနိုင်းရာမဲ့အဝန်းအဝိုင်းဖြစ်သော အသင်းတော်ကို တုနိုင်းရာမဲ့အမှုတော်အားဖြင့် သယ်ဆောင်ရန်ဖြစ်သည်။

E. တုနိုင်းရာမဲ့အမှုတော်၌ ရှိနေရန်မှာ မလွယ်ကူပေ။ သို့သော်လည်း ဓမ္မသစ်ကျမ်းတစ်ခုလုံးက ဤတုနိုင်းရာမဲ့အမှုတော်သည် သုံးပါးတစ်ပါးဖြစ်ခြင်းကို တုနိုင်းရာမဲ့ဗဟိုပြုချက်အဖြစ် အမှုဆောင်ရန်နှင့် တုနိုင်းရာမဲ့အဝန်းအဝိုင်းအဖြစ် အသင်းတော်ကို ထုတ်လုပ်ရန်ဖြစ်ကြောင်း တင်ဆက်ထားသည် - ဧ၊၃း၂-၁၁၊ ၁၆-၂၁။

F. ကျွန်ုပ်တို့သည် ဤတုနိုင်းရာမဲ့ ဗဟိုပြုချက်၊ ယင်းမှာ ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်းကို ဗဟိုပြုချက်၌ တည်နေရမည်ဖြစ်သည်။

## VI. **"တစ်ခုတည်းဖြစ်ခြင်း" - သခင်ဘုရားပြန်လည်ရယူခြင်း၏ သဘောသဘာဝမှာ တစ်လုံးတစ်ဝဖြစ်ခြင်း ဖြစ်သည် - ဧ၊ ၄း၃-၆။**

A. ဗျာဒိတ် ၂၂ ၌ ပလ္လင်တော်တစ်ခုတည်း၊ အသက်ရှင်သောရေစီးရာမြစ် တစ်ခုတည်း၊ အသက်ပင်တစ်ခုတည်းနှင့် လမ်းတစ်လမ်းတည်းကို တွေ့ရသည်။

1. ကျွန်ုပ်တို့သည် တစ်ခုတည်းသောအသက်ကိုသာမက၊ တစ်ခုတည်းသော လမ်းကိုလည်း အလေးထားရမည်။
2. ကျွန်ုပ်တို့သည် လမ်းနှစ်လမ်းပေါ်မှာ လျှောက်၍မရပါ။ ယေရုရှလင်မြို့သစ်၌ တံခါးတစ်ဆယ့်နှစ်ပေါက်ရှိသည်၊ သို့သော် ၎င်းသည် လမ်းတစ်ဆယ့်နှစ်လမ်း မရှိပါ - ဗျာ၊၂၁း၂၁။ ၂၂း၁။

B. ကျွန်ုပ်တို့၌ တစ်ပါးတည်းသော ဘုရားသခင်၊ တစ်ပါးတည်းသော သိုးသငယ်၊ တစ်ခုတည်းသော ပလ္လင်တော်၊ တစ်ခုတည်းသောအသက်၊ တစ်ခုတည်းသောမြစ်၊ တစ်ခုတည်းသော သစ်ပင်၊ တစ်ခုတည်းသောလမ်းနှင့် မြို့တော်တစ်ခုတည်း ရှိကြောင်း မြင်ရမည်။ ဤတစ်ခုတည်းဖြစ်ခြင်းကို ကျွန်ုပ်တို့စောင့်ထိန်းရမည်။

C. ဧဖက် ၄း၃ တွင် ကျွန်ုပ်တို့သည် "ဝိညာဉ်တော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းရန် ဖွဲ့လုံ့လ"ရှိရမည်ဖြစ်ကြောင်း ပြောထားပြီး၊ အပိုဒ်ငယ် ၄ မှ ၆ တွင် ကျွန်ုပ်တို့၌ တစ်ခုတည်းသော ကိုယ်ခန္ဓာတော်၊ တစ်ခုတည်းသော ဝိညာဉ်တော်၊ တစ်ခုတည်းသောမျှော်လင့်ခြင်း၊ တစ်ပါးတည်းသော သခင်ဘုရား၊ တစ်ခုတည်းသော ယုံကြည်ခြင်း၊ တစ်ခုတည်းသော ဗတ္တိဇံ၊ တစ်ပါးတည်းသော ဘုရားသခင်ရှိကြောင်း ပြောထားသည်။ အသင်းတော်၏ သဘောသဘာဝသည် တစ်ခုတည်းဖြစ်ခြင်းဖြစ်သည်။

D. မှန်ကန်သင့်လျော်သည့် လမ်းသည် ဤတစ်ခုတည်းဖြစ်ခြင်း၌ တည်နေသည် - တစ်ပါးတည်းသော ဘုရားသခင်၊ တစ်ပါးတည်းသော သိုးသငယ်၊ တစ်ခုတည်းသော ပလ္လင်တော်၊ တစ်ခုတည်းသောအသက်၊ တစ်ခုတည်းသော မြစ်၊ တစ်ခုတည်းသောအပင်၊ တစ်ခုတည်းသောလမ်း၊ တစ်ခုတည်းသောမြို့တော်နှင့် တစ်ခုတည်းသော သက်သေခံချက်။

E. ကျွန်ုပ်တို့သည် အတွင်းပိုင်း သခင်ဘုရားထံသို့ နေရာပေးသည့်အခါ ကိုယ်တော်သည် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်ရာဖြစ်လာကာ၊ အတွင်းပိုင်းမှ ကျွန်ုပ်တို့ကို ပုံသဏ္ဌာန်ပြောင်းလဲပေးသည်။ ဤပုံသဏ္ဌာန်ပြောင်းလဲခြင်း၏ ရလဒ်အနေဖြင့် ကျွန်ုပ်တို့သည် အတူတကွ ညှိနှိုင်းလုပ်ဆောင်ခြင်း၊ တည်ဆောက်ခြင်းရှိကြကာ၊ တုနှိုင်းရာမဲ့သက်သေခံချက်အတွက် တူညီသောလမ်းကို လျှောက်ကြသည်။

F. ကျွန်ုပ်တို့အလယ်တွင် ကွဲပြားခြင်းများ ရှိနေမည်ဆိုလျှင် ကျွန်ုပ်တို့သည် သခင်ဘုရားပြန်လည်ရယူခြင်း၏ အစိတ်အပိုင်းမဟုတ်တော့ပေ။ ကျွန်ုပ်တို့သည် မည်သည့်ကွဲပြားခြင်းမျိုးကိုမဆို ရှောင်ကြည်ရမည် - ၁ကော၊၁း၁၀။

G. ကွဲပြားခြင်းများသည် တစ်စုံတစ်ရာကို ပုံကြီးချဲ့ခြင်းမှ လာခြင်းဖြစ်သည်။ ပုံကြီးချဲ့ခြင်းသည် ကွဲပြားခြင်းကို ဖြစ်စေပြီး၊ ယင်းသည် သခင်ဘုရားပြန်လည်ရယူခြင်း၏ သဘောသဘာဝကို ဆုံးရှုံးခြင်း ဖြစ်စေမည်ဖြစ်သည် - အငယ်၊၁၀။